ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

Karenni State Consultative Council (KSCC), Email: teamseckscc@protonmail.com

# ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ

## ထုတ်ပြန်ကြေညာချက်

**ရက်စွဲ။ ။၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်**

၁။ ကချင်ပြည်နယ်၊ ဖားကန့်မြို့ရှိ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ တပ်မဟာ (၉) အခြေ စိုက်ရာ “အနန့်ပါ” ၌ ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO) ဖွဲ့စည်းတည်ထောင်သည့် (၆၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲပြုလုပ်နေခဲ့စဉ် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်၊ တနင်္ဂနွေနေ့ည (၉) နာရီအချိန်ခန့်တွင် အကြမ်းဖက်စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် KIO အရာရှိများနှင့် ကချင်လူမျိုး အနုပညာရှင်အချို့အပါအဝင် ပြည်သူ(၈၀)ထက်မနည်း သေဆုံးခဲ့ရကြောင်းနှင့် ရာဂဏန်းခန့်လည်း ထိခိုက်ဒဏ်ရာ ရရှိကြောင်းများ ကြားသိရသဖြင့် များစွာ တုန်လှုပ်ဝမ်း နည်းရပါသည်။

၂။ အလားတူပင် မိမိတို့ ကရင်နီပြည်နယ်တွင်လည်း ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်၊ တနင်္ဂနွေနေ့ ည (၉) နာရီအချိန်ခန့်တွင် မိုးဗြဲမြို့အခြေစိုက် စစ်ကောင်စီ ခလရ (၄၂၂) တပ်/လွိုင်ကော်မြို့ အခြေစိုက် အမြောက်တပ်မှ လက်နက် ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာအနီး စစ်ဘေး တိမ်းရှောင်နေသည့် ဇနီးမောင်နှံ (၂) ဦး သေဆုံးခဲ့ရပြီး၊ ၎င်းတို့၏ အသက် (၈) နှစ်အရွယ် ကလေးငယ်နှင့် (၆)လအရွယ် လူမမယ်ကလေးငယ်မှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့မှု အတွက် အထူးပင် စိတ်ထိခိုက်ရပါသည်။

၃။ စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် ကျဆုံးခဲ့ကြသော KIO အရာရှိများနှင့် အတူ ကချင်လူမျိုး အနုပညာရှင်များ၊ ကချင်ပြည်နယ်မှ အပြစ်မဲ့ အရပ်သားပြည်သူများနှင့် မိမိတို့ ကရင်နီပြည်၊ လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာအနီးရှိ အပြစ်မဲ့ စစ်ဘေးရှောင်ပြည်သူများ၏ ကျန်ရစ်သော မိသားစုများနှင့် ထပ်တူထပ်မျှ မိမိတို့ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီမှ ကြေကွဲဝမ်းနည်းရပါကြောင်း အလေး အနက် ဖော်ပြလိုပါသည်။

၄။ အကြမ်းဖက်စစ်ကောင်စီတပ်များ၏ ဤသို့ စက်ဆုပ်ရွံရှာဖွယ်ရာ လူမဆန်သည့် တိုက်ခိုက်မှုများသည် စစ်မှန်သော ငြိမ်းချမ်းမှုကို လိုလားသည့် မိမိတို့ လူ့အသိုက်အဝန်းအတွက် လက်သင့်ခံနိုင်ဖွယ်ရာမရှိသလို၊ စစ်ရာဇဝတ်မှု ကို ပြောင်ပြောင် တင်းတင်းပင် ကျူးလွန်ခြင်းဖြစ်၍ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။ မိမိတို့ ကောင်စီအနေဖြင့် လူ့အသိုက်အဝန်း၏ လုံခြုံရေးကို ခြိမ်းခြောက်ကာ အကြမ်းဖက်နေသည့် ဤစစ်အာဏာရှင်များနှင့် အာဏာရှင်ဟူသမျှ ကျဆုံး နိဂုံးချုပ်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုများနှင့်အတူ အဆုံးတိုင်အောင် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ**

**Karenni State Consultative Council**

**(KSCC)**